# အစိုးရ၏ ၄ နှစ်တာကာလ သက်တမ်းအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဆန်းစစ်ခြင်း

*ဤရုပ်ပြအချက်အလက်များသည် အသံအဖွဲ့မှ မကြာမီထုတ်ပြန်မည့် "အစိုးရသက်တမ်း ၄ နှစ်အတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခြေအနေ" အစီရင်ခံစာပါ အချက်အလက်များထဲမှ တွေ့ရှိချက်အချို့ကိုကောက်နုတ်၍ ကနဦးအစီရင်ခံတင်ပြခြင်း ဖြစ်သည်။*

## ဆန်းစစ်ချက် ၁။ နစ်နာမှုများ


**၅၃၉ မှု ၁၀၅၁ ဦး**

၁၀၅၁ ဦးထက်မနည်းသော လူပုဂ္ဂိုလ်တို့သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ကန့်သတ်သည့် ဥပဒေ၊ ပုဒ်မ အမျိုးမျိုးဖြင့် တရားစွဲဆိုခံခဲ့ရသည်။ တရားစွဲဆိုမှုအရေအတွက်သည်လည်း အနည်းဆုံး ၅၃၉ မှု ရှိခဲ့သည်။


အသံ – လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့

athan.info@gmail.com
May 2, 2020
www.athanmyanmar.org

## ဆန်းစစ်ချက် ၂။ နစ်နာသူများ




*[ ပုံ – နစ်နာသူအမျိုးအစားအလိုက် အရေအတွက်ပြ ပုံဇယား ]*





*[ ပုံ – ဒေသဆိုင်ရာ ထူးခြားမှုပြ ပုံဇယား ]*

## ဆန်းစစ်ချက် ၃။ တရားစွဲဆိုမှုများ

| | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စတုတ္ထနှစ် |
|---|---|---|---|---|
| ဆက်သွယ်ရေးဥပဒေ | 63 | 60 | 61 | 45 |
| ငြိမ်းစုစီဥပဒေ | 9 | 13 | 48 | 21 |
| နိုင်လွတ်လုံဥပဒေ | | 5 | 15 | 34 |
| ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) | 4 | 11 | 13 | 12 |
| ရာဇသတ်ကြီး ပုဒ်မ ၅၀၀ | 4 | 3 | 4 | 3 |
| ရာဇသတ်ကြီး ပုဒ်မ ၅၀၅(က) | 1 | | 3 | 8 |
| မတရားအသင်းများအက်ဥပဒေ | 1 | 4 | 3 | 4 |
| အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ | | | | 8 |
| ရာဇသတ်ကြီး ပုဒ်မ ၁၁၄ | | | 2 | 5 |
| သာသနာညှိုးနွမ်းစေမှုဥပဒေ | | 1 | 4 | 2 |
| ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ဂ) | | 1 | 5 | |
| နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု | 1 | 1 | 1 | 3 |
| အခြားရာဇဝတ်မှုဥပဒေပုဒ်မများ | 6 | 11 | 17 | 19 |

*[ ပုံ – လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ရာတွင် အသုံးချခံရသည့် ဥပဒေပုဒ်မများအား အစိုးရသက်တမ်း တစ်နှစ်ချင်းအလိုက် နှိုင်းယှဉ်ပြ ပုံဇယား ]*

*[ ပုံ – တရားစွဲဆိုမှုများ မြင့်တက်လာမှု၊ အစိုးရသက်တမ်း တစ်နှစ်ချင်းအလိုက် နှိုင်းယှဉ်ပြ ပုံဇယား ]*



## ဆန်းစစ်ချက် ၄။ အစိုးရ၏ ချိုးဖောက်မှုများ


*အစိုးရအဖွဲ့ ရဲ့ ဌာနဆိုင်ရာဝန်ထမ်းများ စသည့် အစိုးရအဖွဲ့ဝင်များမှ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ပြီး တိုက်ရိုက်တရားစွဲဆိုမှု*


**၂၅၁ မှု**

*အစိုးရအဖွဲ့ကို ဝေဖန်ထောက်ပြသဖြင့် အစိုးရမဟုတ်သော ပါတီများ၊ အစိုးရထောက်ခံသူများက တရားစွဲဆိုမှု*

**၈ မှု**

*နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို ဝေဖန်သဖြင့် အစိုးရဝန်ထမ်းများ အပါအဝင်၊ ပါတီများ၊ အခြားကြားလူများက တရားစွဲဆိုမှု*




*[ ပုံ – အစိုးရက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုချိုးဖောက်ပြီး တရားစွဲဆိုရာတွင် အသုံးပြုသည့်ဥပဒေနှင့်အကြိမ်အရေအတွက် ]*

# ဆန်းစစ်ချက် ၅။ တပ်မတော်၏ ချိုးဖောက်မှုများ


တိုက်ရိုက်တရားစွဲဆိုမှု

**၅၂ မှု**


ကြားလူက တရားစွဲဆိုမှု

**၁၄ မှု**

**လေးနှစ်အတွင်းတပ်မတော်က လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကိုချိုးဖောက်ပြီး တိုက်ရိုက် တရားစွဲဆိုမှုများ ၅၂ ကြိမ် အထိရှိခဲ့သည်။ တပ်မတော်ကို ဝေဖန်သဖြင့် လည်းကောင်း၊ဆန္ဒထုတ်ဖော်သဖြင့်လည်းကောင်း ရဲတပ်ဖွဲ့က ကိုယ်စား တရားစွဲဆိုပေးသော အမှုများ လည်း တွေ့ရှိရသည်။**




**တပ်မတော်ကတရားစွဲဆိုသည့် အမှုများတွင် ၄၈ ရာခိုင်နှုန်းမှာ ဆိုရှယ်မီဒီယာနှင့် အခြားသော ဒစ်ဂျစ်တယ်ပလက်ဖောင်းများ တွင်၎င်းအား ဝေဖန်ပြောဆို၍ဖြစ်ပြီး ၅၂ ရာခိုင်နှုန်းမှာ မြေပြင်တွင် ဝေဖန်ပြောဆိုမှုများကြောင့် ဖြစ်သည်။**





*[ ပုံ – တပ်မတော်က တိုက်ရိုက်တရားစွဲဆိုရာတွင် အသုံးပြုသည့် ဥပဒေနှင့် အကြိမ်အရေအတွက် ]*

# ဆန်းစစ်ချက် ၆။ လွှတ်တော်ကိုယ်စားလှယ်များ၏ ချိုးဖောက်မှုများ

**၁၄** လွှတ်တော်ကိုယ်စားလှယ် → **၁၈** အမှုအရေအတွက် → **၃၅** အရပ်သားပြည်သူ

လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးသည် အသရေဖျက်မှုဥပဒေများကို အသုံးပြု၍ အရပ်သားပြည်သူ ၃၅ ဦးကို တိုက်ရိုက် တရားစွဲဆိုခဲ့သည်။ ထောင်ဒဏ် ၂ နှစ်အထိ ကျခံခဲ့ရသည်အထိ နစ်နာသူများ ရှိခဲ့သည်။




*[ ပုံ – လွှတ်တော်ကိုယ့်စားလှယ်များ အသုံးပြုတရားစွဲဆိုသည့် ဥပဒေအမျိုးအစားနှင့် အသုံးပြုသည့် အကြိမ်အရေအတွက်ပြပုံဇယား ]*

*လွှတ်တော်ကိုယ်စားလှယ်များကို ဝေဖန်ခြင်း၊ ဆန္ဒပြခြင်း၊ တိုင်စာပေးပို့ခြင်းတို့ ဆောင်ရွက်ခဲ့သည့် ပြည်သူ ၃၁ ဦးသည် အမှုပေါင်း ၁၃ မှုဖြင့် ကြားလူ၏ တရားစွဲဆိုခြင်းကိုခံခဲ့ရသည်။*

- လွှတ်တော်ကိုယ်စားလှယ်၏ ဆွေမျိုးများ
- နိုင်ငံရေးပါတီ / ပါတီဝင်များ
- လွှတ်တော်ကိုယ်စားလှယ်၏ ကိုယ်စားလှယ်များ

→ **၁၃ မှု** → လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကျင့်သုံးသည့် အရပ်သားပြည်သူ ၃၁ ဦး


# ဆန်းစစ်ချက် ၇။ သတင်းမီဒီယာလွတ်လပ်ခွင့်

လက်ရှိအစိုးရ သက်တမ်းအတွင်း သတင်းမီဒီယာလွတ်လပ်ခွင့် ချိုးဖောက်ခံရမှု အများအပြား ရှိခဲ့သည်။ ထိုအထဲမှ သတင်းမီဒီယာများ တရားစွဲဆိုခံရမှု ၆၇ မှု ရှိခဲ့ပြီး သတင်းမီဒီယာသမား ၆၇ ဦး တရားစွဲဆိုခံခဲ့ရသည်။


၂၀၁၉ ခုနှစ်အတွင်းက ဆန္ဒပြပွဲသတင်းကို မှတ်တမ်းရယူခဲ့သည့် ချန်နယ်မန္တလေး သတင်းထောက် ကိုနန္ဒသည် ရာဇဝတ်မှုဥပဒေများဖြင့် တရားစွဲဆိုခံခဲ့ရကာ ယခု အချိန်တွင် ထောင်ဒဏ် ၂ နှစ် ကျခံနေရသည်၊




မှတ်ချက်။ အချို့အမှုများတွင် သတင်းသမားတစ်ဦး ထက်ပို၍ တရားစွဲဆိုခံရခြင်းများရှိခဲ့သည်။ သတင်းသမား တစ်ဦးတည်းအပေါ် တစ်မှုထက်ပိုပြီး တရားစွဲဆိုခြင်းများလည်း တွေ့ရသည်။




[ ပုံ – သတင်းမီဒီယာများကို တရားစွဲဆိုသူအမျိုးအစားနှင့် စွဲဆိုသည့် အကြိမ်အရေအတွက်ပြပုံဇယား ]




[ ပုံ – သတင်းမီဒီယာများ တရားစွဲဆိုခံခဲ့ရသည့် ဥပဒေအမျိုးအစားနှင့် အရေအတွက်ပြပုံဇယား ]